
နယ်နမိတ်
စက္ကပါလဝိဉာဉ်ကြိုး

## စက္ကပါလဝိညာဉ်ကြိုး

မြန်မာနိုင်ငံသည် တောင်ကုန်းတောင်တန်းများ ပေါ်များသလို ရေမြေသယံဇာတများလည်း ပေါများသော နိုင်ငံတစ်ခု ဖြစ်လေ၏။ ထိုအတူ မြစ်ချောင်း အင်းအိုင်များလည်း ပေါ်များပြီး နေချင်ဖွယ်ကောင်းသော နေရာတစ်ခု ဆိုလည်း မမှားပေ။ စေတီပုထိုးများနှင့် ရိုးရာ ယဉ်ကျေးမှုများ သာမက ဗုဒ္ဓဘာသာ ထွန်းကားသော နေရာတစ်ခုလည်း ဖြစ်လေ၏။ ထိုအတူ ရှမ်းရိုးမ၊ ရခိုင်ရိုးမနှင့် ပဲခူးရိုးမကဲ့သို့ ရိုးမတောကြီးများလည်း ရှိပေ၏။

၁၉၅၀ ခုနှစ် လွတ်လပ်ရေး ရပြီးစတွင် မြန်မာနိုင်ငံ အနှံ့အပြား၌ ရဲဘော်ဖြူ၊ ရဲဘော်ဝါ၊ အလံနီ၊ ကွန်မြူနစ်၊ ယောကျ်ား ရောင်စုံတွေ ထကြွသောင်းကျန်းနေသော အချိန်ဖြစ်သောကြောင့် မြို့ရွာများ၌ သောင်းကျန်းသူများ၏ ရန်အား ကြောက်ရလေ၏။ သောင်းကျန်းသူများသည် ဆက်ကြေးမပေးသော ကျေးရွာများကို မီးရှို့ဖျက်ဆီးရာ လူအများမှာလည်း တောနက်ရာ ဝေးလံခေါင်ဖျားသို့ ထွက်ပြေး ပုန်းရှောင်နေကြလေ၏။

ပဲခူးရိုးမတော ထဲတွင်လည်း ရွာများဖွဲ့ကာ နေထိုင်ကြသူများစွာ ရှိကြလေ၏။ မြို့နှင့် အလှမ်းဝေးသော်လည်း သောင်းကျန်းသူများ အရောက်နည်းသောကြောင့် နေထိုင်ရသည်မှာ အဆင်ပြေလှပေ၏။ ထိုအထဲတွင် မြိုင်သာရွာလည်း အပါအဝင်ဖြစ်လေ၏။ မြိုင်သာရွာသည် အိမ်ခြေပေါင်း (၁၅၀) ခန့် ရှိသော ရွာကြီးတစ်ရွာ ဖြစ်ပြီး တောင်ယာလုပ်ခြင်း၊ တောပစ်မုဆိုး၊ သစ်ဥ သစ်ဖု ရှာခြင်းစသော အလုပ်များကို လုပ်ကိုင်ကြလေ၏။ မုဆိုးအဖြစ် အသက်မွေးသော သူများထဲတွင် ရဲခေါင် တစ်ယောက်လည်း

အပါအဝင်ဖြစ်လေ၏။

ရဲခေါင်မှာ အသက်(၂၃)နှစ်ရှိပြီး မဖြူမညို ကိုယ်လုံးကိုယ်ထည် တောင့်တင်းကာ ကြည့်ကောင်းသော ရုပ်ရည်ရှိလေ၏။ လူဆင်းရဲသော်လည်း စေတနာ မဆင်းရဲသောကြောင့် လူချစ်လူခင် ပေါများလေ၏။ ရဲခေါင်တို့တွင် အဖေဖြစ်သူ ဦးထွန်းရှိန်နှင့် ဒေါ်ကျင်မေ တို့သုံးဦးသာ ရှိလေ၏။ မိဘနှစ်ပါးအား မုဆိုးအလုပ်ဖြင့် လုပ်ကျွေးနေရ၏။

ယနေ့ နံနက်တွင် ရဲခေါင်တယောက် လေးနှင်မြားမပြင် ကပ်ပါး(ရဲဒင်းအကြီးစား)တို့ကို လွယ်ကာ မိခင်ထုပ်ပေးသော ထမင်းထုတ်နှင့် ရေဘူးကို ယူကာ တောသို့ ထွက်လာလေ၏။ ရဲခေါင်သည် တခြား မုဆိုးများနှင့် မတူဘဲ တောထဲသို့ဝင်သည်နှင့် တောပိုင်တောင်ပိုင်များကို ဦးစွာတင်မြောက်ပြီးမှ တောပစ်လေ၏။ ထိုသို့ ပစ်သောအခါ၌လည်း မုဆိုးတို့ လိုက်နာရသော စည်းအတိုင်း ပစ်လေ့ရှိ၏။

ယခုလည်း တောထဲသို့ ရောက်လာသည့်အခါ တောပိုင်တောင်ပိုင်းများ တင်မြောက်ပြီး တောနက်ရာသို့ တဖြည်းဖြည်း ဝင်ရောက်လာလေ၏။ တဖြည်းဖြည်းဖြင့် ဝင်လာရာ တနေရာအရောက်တွင် ဝါးပင်များကြား၌ တောဝက်ကြီး တစ်ကောင်သည် ဝါးကြား၌ ပေါက်နေသော မျှစ်များကို ချိုးကာ စားနေ၏။ ရဲခေါင်လည်း  မြားတံအား ထိသေအဆိပ် သုတ်ကာ အသာအယာ ခြေဖော့ကာ တောဝက်ဆီသို့ တိုးကပ်သွားလေ၏။ ရဲခေါင် ရောက်နေသော နေရာသည် မြေနိမ့်ပိုင်း ဖြစ်သောကြောင့် ရန်သူ၏ အနံ့အား မရသဖြင့် စိုးရိမ်ခြင်းမရှိဘဲ အငမ်းမရ စားသောက်လေ၏။

ထိုကြောင့် ရဲခေါင်လည်း တောဝက်ထံသို့ ချိန်ကာ မြားတံအား ပစ်လွှတ်လိုက်လေ၏။

"ရှီး"ဖောက်""

"ဂြိုး ဂြိုး"

မြားမှန်သည်အခါ တဂွီးဂွီးအော်ကာ လဲကျသေဆုံးသွားလေ၏။ ရဲခေါင်သည် သားကောင်ပစ်ရာတွင် တပွဲစား ကဲ့သို့ လက်ဖြောင့်ပြီး အဆိပ်သုံးရာတွင်လည်း ကျွမ်းကျင်သူဖြစ်ရာ ဘယ်သားကောင်အား မည်သည့်နေရာပစ်ရင် တစ်ချက်တည်း သေနိုင်သည်များကိုပင် ကျွမ်းကျင်နေလေ၏။ ထိုကြောင့် တောဝက်အား ထိသေအဆိပ်ဖြင့် ပစ်လေ၏။ အကယ်၍ တခြားအဆိပ်ဖြင့် ပစ်ပါက တောဝက်သည် မသေခင် လူအား ပြန်ပက်သည့်အတွက် အသက်အန္တာရယ် ရှိနိုင်သောကြောင့် ထိသေအဆိဖြင့် ရွေးပစ်ခြင်းဖြစ်လေ၏။

ရဲခေါင်လည်း တောဝက်ကြီးအား ထမ်းယူကာ ရွာသို့ ပြန်လာခဲ့လေ၏။ အချိန်မှာလည်း မွန်းတည့်ချိန်ဖြစ်ရာ ရွာအား စောစောပြန်ရောက်ပါက တောဝက်သားအား ရောင်းချချိန် ရမည်ဟု သိကာ အလျင်အမြန် ပြန်လာခဲ့လေ၏။ အပြန်လမ်း၌ တောဝက်ကို ထမ်းလာရသည့်အတွက် တနေရာအရောက်တွင် မောပန်းသောကြောင့် ခဏအနားယူနေလိုက်၏။ ထိုအချိန် တနေရာမှ သူဆီသို့ အဘိုးအို တစ်ဦးလျှောက်လာလေ၏။ အဘိုးအိုလည်း ရဲခေါင်အနားသို့ ရောက်သောအခါ အမောဖြေကာ အနားယူလိုက်လေ၏။ ထိုအခါ ရဲခေါင်လည်း လွယ်အိတ်ထဲမှ ရေဘူးအား ထုတ်ကာ အဘိုးအိုကာ ပေးလိုက်လေ၏။

"အဘိုး ခရီးဝေးက လာလို့ မောနေပြီထင်တယ် ရေလေးသောက်ပါဦး"

"ကျေးဇူးပါပဲ လူလေးရာ"

"ကျွန်တော်က အကုသိုလ် အလုပ်နဲ့ ဝမ်းစာ ရှာနေရလို့ အခုလို အချိန်လေးမှာ ကုသိုလ်ယူရတာပါ အဘိုးရယ်"

"သာဓု ... သာဓု ... သာဓုကွယ် လူလေးဟာ စိတ်ထားဖြူစင်ပြီး စေတနာ

ထားတာကြောင့် တနေ့ကြရင် ကံကောင်းမှာပါ"

"ဩော် အဘိုး ကျွန်တော်မှာ ထမင်းထုပ်ရှိတယ် အဘိုး စားပါဦး"ဟု ထမင်းထုပ်အား ချကျွေးလိုက်လေ၏။ အဘိုးအိုလည်း ရဲခေါင်ချပေးသော ထမင်းထုပ်အား ယူကာ စားလိုက်လေ၏။ ရဲခေါင်လည်း သူ၏ ထမင်းထုပ်မှာ ဟင်းမကောင်းသည့်အတွက် စားမှစားပါ့မလားဟု စိုးရိမ်နေရာ အဘိုးအိုမှ ယူစားသည့်အတွက် ဝမ်းသာပီတိ ဖြစ်နေလေ၏။

"လူလေးကြည့်ရတာ အတော်ဝမ်းသာနေပုံပဲ"

"ဟုတ်ကဲ့အဘိုး ကျွန်တော် ထမင်းထုပ်က ဟင်းမကောင်းလို့ အဘိုးစားပါ့မလားလို့ စိုးရိမ်နေတာ အခုစားလို့ ဝမ်းသာနေတာပါ"

"ဒီလိုပေါ့ လူလေးရာ တောထဲတောင်ထဲမှာ စားကောင်းသောက်ဖွယ်တော့ ဘယ်ရပါ့မလဲ"ဟု ပြောကာ ရဲခေါင်၏ ထမင်းထုပ်အား ထိုင်စားနေ၏။ ထိုနောက် စားပြီးသောအခါ ရဲခေါင်ကမ်းပေးသော ရေအားသောက်လိုက်လေ၏။ ထိုနောက် ရဲခေါင်အား ကြည့်ကာ ချီးမွမ်းစကားဆိုလေ၏။

"လူလေးရဲ့ စေတနာကြောင့်လားမသိဘူး စားလို့ ကောင်းလိုက်တာကွယ် လူလေးလည်း အခုလို ကျွေးမွေးရတဲ့အတွက် ဘေးအန္တရာယ် ကင်းရှင်းပါစေ ကြံတိုင်းအောင်လို့ ဆောင်တိုင်းမြောက်ပါစေကွယ်"ဟု ဆုပေးလေ၏။

ရဲခေါင်လည်း အချိန်အတော်ကြာ သွားသည့်အတွက် အဘိုးအိုအား နှုတ်ဆက်ကာ တောဝက်ကို ထမ်းပြီး ရွာဘက်သို့ ပြန်လာလေ၏။ ရဲခေါင် ဝေးဝေးသို့ ရောက်သွားတော့မှ ဘေးနား ခြံအကွယ်မှ မိန်းမချောနှစ်ယောက် ထွက်လာလေ၏။ ထိုမိန်းမချောလေး နှစ်ယောက်လည်း အဘိုးအိုအနားသို့ ထိုင်လိုက်လေ၏။ ထိုအခါ အဘိုးအိုမှ ...

"မြေးလေးတို့ကို ကူညီပေးနိုင်မှာက ခုန သူငယ်လေးပဲကွဲ့"

"သူကြည့်ရတာ စိတ်ထားကောင်းပုံပဲ"

"အင်း တောစောင့်နတ် တောင်စောင့်နတ်တွေက ညွှန်ပြတာဆိုတော့ သူတော်ကောင်းလေး ဖြစ်ရုံသာမက စေတနာလည်း ကောင်းတယ်ကွယ့်"ဟု အဘိုးအိုမှ ပြောလေ၏။ ထိုအခါ မိန်းမချောလေး နှစ်ယောက်မှ ...

"သူက သမီးတို့ကို ကူညီပါ့မလား"

"အင်း သူ့ကိုဘဲ ရအောင် အကူအညီ တောင်းရမှာပဲ စိတ်မပူပါနဲ့ အဘိုး ကြည့်ပြီး အကူအညီတောင်းပေးပါ့မယ် မြေးလေးတို့လည်း ခဏတော့ စောင့်လိုက်ပါကွယ်"ဟု ပြောကာ သုံးယောက်စလုံး ထိုနေရာမှ ပြောက်ကွယ်သွားလေ၏။

ရွာသို့ရောက်သောအခါ ရဲခေါင်လည်း တောဝက်မာန်စွယ်အား ယူထားပြီး အသားများကို စားရန်ချန်ကာ ကျန်တာများ ရောင်းချလေ၏။ ရလာသော ငွေဖြင့် လိုအပ်သည်များဝယ်ကာ ပိတာအား စုဆောင်းထားလေ၏။ နောက်တစ်နေ့မှာလည်း ရဲခေါင်တစ်ယောက် တောပစ်ရန် ပြင်ဆင်ကာ ထွက်လာလေ၏။ တောထဲရောက်သည်နှင့် ပါလာသည့် ထမင်းထုပ်မှ တစ်ဝက်ခွဲကာ တောပိုင်တောင်ပိုင်များအား တင်မြှောက်နေလေ၏။

ထိုစဉ် တစ်နေရာ သစ်ပင်အကွယ်မှ မိန်းမချောလေး နှစ်ယောက်သည် ရှေ့မှာရှိသော သစ်ကိုင်းချောက်အား လက်ဖြင့် ဝှေ့ယမ်းလိုက်ရာ ထိုသစ်ကိုင်းချောက်သည် ကြီးမားသော မြွေကြီးအဖြစ် ပြောင်းကာ ရဲခေါင်ရှိရာသို့ တရွေ့ရွေ့ တွန်လိမ်ကာ လာနေလေ၏။ ရဲခေါင်လည်း မြွေကြီးကို မြင်သောအခါ နောက်သို့ဆုတ်ကာ မြားဖြင့် ချိန်ထားလိုက်လေ၏။ သို့သော် မြွေကြီးမှ ရဲခေါင်ချန်ထားသော ထမင်းတစ်ဝက်အား ယူကာ တောထဲ ဝင်သွားလေ၏။

ရဲခေါင်လည်း သူ့အတွက်ချန်ထားသော ထမင်းတဝက်အား ယူသွား

သော်လည်း မြားဖြင့်မပစ်ဘဲ ရပ်ကြည့်နေလေ၏။ မုဆိုးတို့မည်သည် စည်းရှိရ၏။ မိမိအား ရန်မပြုသော သားကောင် (ကျား၊ ကျားသစ်၊ မြွေ)၊ အိုမင်းနေသော သားကောင်၊ သားသည်မိခင်မှ လွဲ၍ ရန်သော သားကောင်များကို ပစ်ဖမ်းခွင့်ရှိသည်။ ရဲခေါင်လည်း မြားကို လွယ်ကာ တောနက်ရာသို့ ဝင်ရောက်လာလေ၏။ မနီးမဝေးမှလည်း မိန်းမချောလေး နှစ်ယောက်သည် ရဲခေါင်သွားရာ အမြဲလိုက်နေလေ၏။

"ဟူး တဖြည်းဖြည်းနဲ့သာ တောနက်လာတယ် သစ်ကိုင်းလှုပ်တာကို မမြင်ဘူး ဘာသားကောင်မှလည်း မတွေ့ဘူး" ဟု တစ်ယောက်တည်း ရေရွတ်နေမိလေသည်။ အမှန်စဉ်စစ် သားကောင်များ မတွေ့ရသည်မှာ မိန်းမချောလေးနှစ်ယောက်သည် သူတို့အစွမ်းဖြင့် သားကောင်များကို အဝေးသို့ပို့ထားခြင်း ဖြစ်လေ၏။ တဖြည်းဖြည်း မွန်းလွဲပိုင်းသို့ ရောက်လာသော်လည်း သားကောင်ဟု၍ ခွေးတစ်ကောင် ကြောင်တစ်မြီးမှ မတွေ့ရဘဲ လူမောသည်သာ အဖက်တင်နေ၏။

ရဲခေါင်လည်း မောပန်းသည်အတွက် သစ်ပင်တစ်ပင်အောက်၌ အမောဖြေလေ၏။ သူ၌ပါလာသော ရေဘူး၌လည်း ရေမရှိတော့ပေ။ ထိုစဉ် သူဆီသို့ မိန်းကလေးနှစ်ယောက်သည် စကားတပြောပြောနှင့် လျှောက်လာလေ၏။ မိန်းကလေးနှစ်ယောက်၏ ပုံသဏ္ဍာန်မှာ ဆေးပင်လာရှာသော ပုံမျိုးဖြစ်လေ၏။ အနားသို့ ရောက်သောအခါ မိန်းကလေးနှစ်ယောက်မှ ...

"ဒီနေရာမှာ ကျွန်မတို့ ထိုင်ပါရစေ"

"ထိုင်ပါဗျ ဒီနေရာက တောပါ ဘယ်သူမဆို အပမ်းဖြေလို့ရပါတယ်"

"အစ်ကိုကြည့်ရတာ အတော်လေး မောပန်းနေသလိုပဲ နာမည်ဘယ်လိုခေါ်သလဲဟင်"

"ရဲခေါင်ပါ"

"ညီမ နာမည်က မြနှင်းဖြူပါ သူနာမည်ကတော့ မြဝင်းသူပါ"

"အမြွှာတွေလားဗျ ရုပ်တွေရော နာမည်ရော အတော်ဆင်လို့ မေးကြည့်တာပါ"

"မဟုတ်ပါဘူးရှင့် ညီမတွေကတော့ ဟုတ်ပါတယ် ညီမက ညီမလေးထက် ၂ နှစ်ကြီးပါတယ်"

"မမကလည်း အစ်ကိုကြည့်ရတာ ဗိုက်ဆာနေသလိုပဲ" ဟု မြဝင်းသူမှ ဝင်ပြောလေ၏။

"ညီမတို့မှာ ထမင်းထုပ်ပါပါတယ် အကို အဆာပြေ စားပါဦး"ဟု တောင်းထဲမှ ထမင်းထုပ်အား ယူကာ ချကျွေးလေ၏။ ရဲခေါင်လည်း ညီမနှစ်ယောက်အား သေချာကြည့်နေရာ ရုပ်ရည်မှာ ချောမောလှပပြီး နှစ်ယောက်စလုံးမှာ ပြေပစ်သော ကိုယ်လုံးကိုယ်ထည်နှင့် အတော်လေး ကြည့်ကောင်းနေလေ၏။ ထိုကြောင့် ရဲခေါင်လည်း လူမှဟုတ်ပ့ါမလားဟု စိတ်ထဲမှ တွေးနေလေ၏။ ထိုအခါ အကြီးဖြစ်သူ မြနှင်းဖြူမှ ...

"အစ်ကိုကြည့်ရတာ ညီမတို့က တစ်ခုခုလုပ်မှာ စိုးရိမ်နေသလိုပဲ"